# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၃ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁၁ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၄၁)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- ✽ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✽ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✽ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✽ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- ✽ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✽ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✽ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✽ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- ✽ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✽ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✽ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
- ✽ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

# ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်အားပေး အနိုင်ရဗိုလ်စွဲသောအသင်းအား ဒိုင်းဆုချီးမြှင့်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



**နေပြည်တော် စက်တင်ဘာ ၁၀**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း စီစဉ်ကျင်းပသည့် ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရဗိုလ်စွဲသောအသင်းအား ဒိုင်းဆုချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း *စာမျက်နှာ ၃ ကော်လံ ၁* ●


မြန်မာ့အလင်း **ဆောင်းပါးအညွှန်း**


**မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ မဲရုံ အသီးသီးသို့ နံနက် ၆နာရီမှ ညနေ ၄နာရီအတွင်း သွားရောက်၍ ဆန္ဒမဲပေးခွင့်ရှိပါသည်။ မဲရုံ ပိတ်ချိန်ရောက်ရှိသည့်တိုင် ဆန္ဒမဲမပေးရသေးသော မဲဆန္ဒရှင်များ မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန် ဆက်လက်ရှိနေသေးသည်ကို တွေ့ရှိလျှင် မဲရုံမှူးသည် သတ်မှတ်ချက်နှင့်အညီ မဲရုံကို ဆက်လက် ဖွင့်လှစ်၍ မဲဆန္ဒရှင်များအား ဆန္ဒမဲပေးစေမည်ဖြစ်ပါသည်။**

ဥပဒေလေ့လာသူတစ်ဦး၏ **အနာဂတ်နိုင်ငံတော်ကို မိမိဆန္ဒမဲဖြင့် တည်ဆောက်ကြပါစို့** ဆောင်းပါး (စာ - ၈၊ ၉)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၁ ရက်)

# တီဘီရောဂါပပျောက်ရေး ပြည်သူများဝိုင်းဝန်းပါဝင်

နိုင်ငံတော်အစိုးရသည် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

တီဘီရောဂါအများဆုံး ကူးစက်ခြင်းသည် လူအချင်းချင်း တစ်ဦးနှင့်တစ်ဦးမှ ကူးစက်မှုအများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ တီဘီရောဂါရှိသူများ ချောင်းဆိုး၊ နှာချေရာမှတစ်ဆင့် ကူးစက်ခြင်း ခံရတတ်သည်။

တီဘီရောဂါတိုက်ဖျက်ရန် တီဘီရောဂါ ကူးစက်သည့် ကွင်းဆက်ကို လေ့လာကြည့်သည့်အခါ တီဘီပိုးသည် လေမှတစ်ဆင့်ကူးစက်သော ရောဂါဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် တီဘီရောဂါကူးစက်မှု မဖြစ်ပွားရေးနှင့် ရောဂါမပြန့်ပွားရေးအတွက် ရောဂါရှိသူက ပျောက်ကင်းအောင် ကုသရန် အရေးကြီးပေသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ်တွင် တီဘီရောဂါဓာတ်ခွဲဌာနကို ထားရှိပြီး တစ်နိုင်ငံလုံးရှိ ဓာတ်ခွဲဌာနများ၏ အရည်အသွေး ထိန်းသိမ်းခြင်း၊ သင်တန်းပေးခြင်း၊ တီဘီပိုးမွေးခြင်းနှင့် ဆေးယဉ်ပါးမှုစမ်းသပ်ခြင်း၊ သုတေသနပြုခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

တီဘီရောဂါရှိလာလျှင် ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ အော့အန်ခြင်းများဖြစ်တတ်သည်။ နှစ်ပတ်၊ သုံးပတ်ကျော်သည်အထိ မပျောက်လျှင် နီးစပ်ရာ ကျန်းမာရေးဌာနတွင် ဆေးစစ်သင့်ပေသည်။ တီဘီဆေးကုသရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားချက်အတိုင်း တီဘီလူနာ အမျိုးအစားလိုက် ဆေးကုထုံး ခွဲခြား ကုသပေးလျက်ရှိသည်။

တီဘီရောဂါသည်လူနာရှာဖွေကုသမှု တိုးတက်စေရန် ၂၀၀၄ ခုနှစ်မှစ၍ ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ရောဂါရှိသူကို အိမ်နှင့်အနီးစပ်ဆုံး ဆေးခန်းများ၌ ရောဂါအခမဲ့ရှာဖွေကုသနိုင်ရန် ကျန်းမာရေးဌာနက စီမံဆောင်ရွက်ပေးထားပေသည်။

ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်အတိုင်း ၂၀၁၅ ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းသည် ၁၉၉၀ ပြည့်နှစ် အခြေအနေ၏ထက်ဝက်လျော့ချသွားနိုင်ရန် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဌာနဝန်ထမ်းများသာမက စေတနာ့ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများကပါ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံအတွင်း တီဘီရောဂါလျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၁၁-၉-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ရွှေချက်သိုရာ စိုင်ပြင်ရှာ**
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်** (အပိုင်း-၃၇)
- ၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **ဘာညာအထာ** နေတိုး၊ မိုးမိုး၊ မိုးဟေကို [ဒါရိုက်တာ-အာယု]
- ၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၈)

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ **စားဖို့ဆောင်ချစ်သူ**
- ၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၈)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လူရွှင်တော်စကား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၆)
- ၂၄။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၂၆)



## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဧည့်သည်အဖွဲ့ ဝန်ကြီး ဦးဇော်မင်းအား လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ All -China Federation of Industry and Commerce မှ First- Vice Chairman Mr. Quan Zhezhu ၊Vice Chairman Mr. Liu Canglong နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌအား ဖိလစ်ပိုင်ဧည့်သည် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိုးသန်းမင်းဒင်တို့အား ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Post Harvest Consultant, Mr. Rosende Ropusas သည် စက်တင်ဘာ ၆ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပညာပေးသင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ သစ်သီးဝလံနှင့် ပန်းမန်ဈေးကြီးများ ဖွင့်လှစ်နိုင်ရေးနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၀)ကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ ဗဟိုဌာန(IBC)၌ စက်တင်ဘာ ၈ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်ချက်အတွေ့အကြုံများ၊ မသန်စွမ်းသူ ကလေးသူငယ်များ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက် အတွေ့အကြုံများကို ယူနီဆက်ဖ်၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်များမှ လူမှုဝန်ထမ်းအရာရှိ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(လူမှုဝန်ထမ်း)**



## နုန်းသဲများဆယ်ယူ

ဩဂုတ် ၇ရက်က ကောလင်းမြို့ ရွှေမင်းဝံလမ်းမကြီးနှင့် မြို့ပတ်လမ်းထောင့်ရှိ ရေမြောင်းတွင် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးဦး ဦးဆောင်လျက် နုန်းသဲများ ဆယ်ယူနေမှုကို အမှုဆောင်အရာရှိ ဦးတင့်ဝေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



● *ရှေ့ဖုံးမှ*

ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**တစ်ဦးချင်းဆု**

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းက တတိယဆုရရှိသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ ဝန်ကြီး သူရဦးမြင့်မောင်က ဒုတိယဆုရရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ ဝန်ကြီး ဦးအုန်းမြင့်က ပထမဆုရရှိသော အားကစားဝန်ကြီးဌာနအသင်းအားလည်းကောင်း တစ်ဦးချင်းဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးဌေးဦးက နေရာအလိုက် အကောင်းဆုံးဘောလုံးသမားဆုရရှိသူများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆု ရရှိသူတို့အား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဝန်ကြီး သူရဦးအေးမြင့်က အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ၊ စတုတ္ထဆုရရှိသော အလုပ်သမားဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသော ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအသင်းနှင့် ဒုတိယဆုရရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းတို့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့် ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသွားသော အားကစားဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီး၊ ဂုဏ်ပြုဆုငွေများနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၂ရက်က စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ အသင်း ၃၅သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး
## ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကဏ္ဍအလိုက်ဖြည့်ဆည်းပေး
## စဉ့်ကိုင်မြို့နယ် ပေါင်းစည်းလယ်ယာ၌ စပါးစိုက်ပျိုးမှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၈ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တွင်းလမ်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ ရဲယမန်းရွာအနီး ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**

**လှည့်လည်ကြည့်ရှု**

တင်ပြချက်များအပေါ် ဗိုလ်ချုပ်မြင့်စိုးက ကဏ္ဍအလိုက် ပေါင်းစပ်ဖြည့်ဆည်းပေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် ရွှေလုံ့ဗိုလ်ကန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဖြည့်ဆည်း**

ဆက်လက်၍ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာအနီးရှိ စွန်ရဲကန် ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ တိုက်နယ်ဆေးရုံ (စက်ရုံစုနယ်မြေ)သို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံက ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဗိုလ်ချုပ်မြင့်စိုးနှင့် တိုင်းမှူးတို့က ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မြင့်စိုးသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ကျောက်ဆည်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (စက်ရုံစု)သို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီး၏ သင်ကြားရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေး၍ စာသင်ခန်းများအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် သင်္ဂတုံကျေးရွာ တောင်သူတစ်ဦး၏ မိုးနှောင်း ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဝါစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဒေသ၏ လိုအပ်ချက်များကို ပေါင်းစပ် ဖြည့်ဆည်းပေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားကာ တမံတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် သိန်းနီကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ ပေါင်းစည်းလယ်ယာ၌ စပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံကာ လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## ပေးအပ်ချီးမြှင့်

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော အားကစားဝန်ကြီးဌာနအသင်းအား ပင်မဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# B.A.(Law) LL.B. နောက်ဆုံးအပတ်စဉ် ဥပဒေကျောင်းသား ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ခုနှစ် ကျောင်းဝင် ၁၉၈၀ပြည့်နှစ်ဘွဲ့ရ B.A. (Law) LL.B. နောက်ဆုံးအပတ်စဉ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ရ ပုလဲရတုအထိမ်းအမှတ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီလဆန်းတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူ ကျောင်းသား ကျောင်းသူများသည် ဦးသောင်းဌေ ဖုန်း-၀၉-၂၀၁၁၈၈၂၊ ဦးသိန်းထွန်း ဖုန်း-၅၂၅၀၆၀၊ ၀၉-၈၀၂၃၇၇၈၊ ဦးတင်လတ် ဖုန်း-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉၊ ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉-၅၁၈၁၀၆၅၊ ဒေါ်တင်တင်ကြည် ဖုန်း-၅၁၂၆၀၉၊ ဒေါ်နွယ်နီအောင် ဖုန်း-၀၉-၅၀၈၄၂၂၁၊ ဒေါ်ဆွေဆွေ ဖုန်း-၀၉-၂၀၃၂၈၀၇နှင့် ဒေါ်နန်းဘောက် ဖုန်း-၀၉-၅၂၁၃၉၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀)ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှု၊ Thousand Islands Business Group ၏ ပံ့ပိုးမှုတို့ဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ရန်ကုန်လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀)ကို စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ၆နာရီအထိ ပြသရောင်းချသွားမည်ဖြစ်ပြီး ကျွန်းနှင့် သစ်မာ၊ အခြားသားများဖြင့်ပြုလုပ်သော အဆင့်မြင့် Luxury Furniture များ၊ အိမ်သုံးပရိဘောဂများ၊ Garden Furniture များ၊ ကြိမ်/ဝါး ပရိဘောဂများ၊ တရုတ်ရိုးရာ ပရိဘောဂများ၊ Modern Furniture များ၊ ပရိဘောဂသုတ်ဆေးများ၊ မွေ့ရာ/ ခေါင်းအုံးများ၊ သစ်သားပန်းပုရုပ်မျိုးစုံ၊ သစ်သားကပ်ကော်နှင့် Coating များ၊ အဆင့်မြင့်ပရိဘောဂထုတ်လုပ်သော စက်ပစ္စည်းများ၊ သစ်အခြေခံဆိုင်ရာ စက်ပစ္စည်းများကို ပြခန်းပေါင်း ၁၆၅ခန်းဖြင့် ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က Avoidance of Double Tax Treaties and Witholding Tax ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**စာရင်းသွင်း**

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၂၂ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ မေးမြန်းလိုသည့် မေးခွန်းများကို စက်တင်ဘာ ၁၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းသို့ ကြိုတင်ပေးအပ်ရမည်ဖြစ်ကြောင်း သိရသည်။

**စာရင်းပေးနိုင်**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# အစ္စရေး စစ်လေယာဉ် ၁၆စင်း ဂါဇာကမ်းမြောင်တွင် ပစ်ခတ်တိုက်ခိုက်

ဂါဇာ စက်တင်ဘာ ၁၀

ဂါဇာကမ်းမြောင်ဒေသ အနောက်ဘက်ကမ်းရှိ လုံခြုံရေး ညွှန့်ပေါင်းတပ်ဖွဲ့ကို ပစ်မှတ်ထားကာ စက်တင်ဘာ ၉ရက် သန်းခေါင်ယံအချိန်တွင် အစ္စရေးစစ်လေယာဉ် ၁၆စင်းက လေကြောင်းမှ ဝင်ရောက်တိုက်ခိုက်ရာ ဂါဇာကမ်းမြောင်ဒေသရှိ အဆောက်အအုံများစွာ ပျက်စီးခဲ့ရကြောင်း**(ယာပုံ)** ပြည်နယ် မီဒီယာက သတင်းထုတ်ပြန်သည်။



## ဒဏ်ရာရ

လုံခြုံရေးတပ်ဖွဲ့စခန်းကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ ဂါဇာကမ်းမြောင် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများကို အစ္စရေးတို့က လက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်လျက် ရှိနေပြီး ဂါဇာနယ်စပ်တစ်လျှောက်၌လည်း တင့်ကားများ ချထားလျက်ရှိသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ အစ္စရေး ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပသော ကာလဖြစ်သော်လည်း နှစ်ဖက်ပစ်ခတ်မှုများက ရှိနေဆဲဖြစ်သည်။

(အင်တာနက်)

# အမေရိကန် စက်ရုံတစ်ရုံ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

ဝါရှင်တန် စက်တင်ဘာ ၁၀

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့တွင်ရှိသော အစားအစာ ထုတ်လုပ်သည့် စက်ရုံတစ်ရုံအတွင်း စက်တင်ဘာ ၉ရက်ညက သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါအစားအစာ ထုတ်လုပ်သည့်စက်ရုံမှာ ဖီလာဒဲလ် ဖီးယားမြို့ အရှေ့မြောက်ပိုင်းတွင် တည်ရှိပြီး ရဲတပ်ဖွဲ့ဝင်များ၏ စုံစမ်းမှုအရ သေနတ်ပစ်ခတ်သူမှာ အသက် ၄၃နှစ်အရွယ် အမျိုးသမီးဖြစ်နိုင်ကြောင်း ဖီလာဒဲလ်ဖီးယားမြို့ အာဏာပိုင်များက ပြောကြားသည်။ ယင်းအမျိုးသမီးသည် စက်ရုံဝန်ထမ်းတစ်ဦးဖြစ်ပြီး အခင်းဖြစ်ပွားချိန်၌ စက်ရုံအတွင်းရှိ ရုံးခန်းတစ်ခန်း၌ သူမကို သံသယဖြစ်ဖွယ်တွေ့ရှိရကြောင်း ရဲတပ်ဖွဲ့မှအရာရှိ တစ်ဦးက ပြောကြားသည်။ သေနတ်ပစ်ခတ်မှု ဖြစ်ပွားချိန်တွင် စက်ရုံအတွင်း အလုပ်လုပ်နေသူ ၁၀၀ခန့်ရှိကြောင်း၊ ၎င်းတို့အား စက်ရုံအတွင်းမှ ဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ၎င်းတို့က ပြောကြား သည်။

(အင်တာနက်)

# ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန် သမ္မတဟာမစ်ကာဇိုင်း တိုက်တွန်း

ကဘူးလ် စက်တင်ဘာ ၁၀

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်နေမှုများ ရပ်တန့်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက်အိုမာအား စက်တင်ဘာ ၁၀ရက်က တိုက်တွန်းနှိုးဆော်လိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ကလေးငယ်နှင့်အမျိုးသမီးများအပါအဝင် ပြည်သူများ သေကျေနေရမှုများ အဆုံးသတ်ရန် အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်နေမှုများရပ်တန့်ပြီး ငြိမ်းချမ်းသာယာဝပြောရေး ဆွေးနွေးသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သမ္မတကာဇိုင်းက ပြောကြားသည်။

သမ္မတကာဇိုင်းသည် ပြီးခဲ့သည့် သီတင်းပတ်က အကြမ်းဖက် စစ်ပွဲအဆုံးသတ်ရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန် ငြိမ်းချမ်းရေးကောင်စီတစ်ရပ်ကိုလည်း ဖွဲ့စည်းတည်ထောင်လိုက်ကြောင်း ကြေညာခဲ့သည်။ အဆိုပါ ငြိမ်းချမ်းရေးကောင်စီကို အာဖဂန်နစ္စတန်နိုင်ငံရှိ လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ် ၅၀ဖြင့် ဖွဲ့စည်းထားသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားရာ တာလီဘန်ဦးဆောင်သော တိုက်ခိုက်ရေးသမားများက တိုက်ခိုက်လျက်ရှိသည်။ အဆိုးရွားဆုံးမှာ အာဖဂန်တောင်ပိုင်း ဟယ်လ်မန့်နှင့် ကန်ဒါဟာပြည်နယ်များတွင် ဖြစ်သည်။

(အင်တာနက်)

# ရုရှားတောင်ပိုင်း ကားဗုံးခွဲမှု သေဆုံးသူ ၁၇ဦးအထိ တိုးလာ

မော်စကို စက်တင်ဘာ ၁၀

ရုရှားနိုင်ငံတောင်ပိုင်း ဗလာဒီကက်ဗ်ရက်ဇ်၌ စက်တင်ဘာ ၉ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အသက် ၇၉နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ၁၇ဦးအထိ ရှိသွားပြီ ဖြစ်ကြောင်း အီတာတပ်စ်သတင်းဌာနက စက်တင်ဘာ ၁၀ရက် တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုသည် စက်တင်ဘာ ၉ရက် နံနက်ပိုင်းက မြောက်အော့စ်ဆက်တီးယားဒေသ ဗလာဒီကက်ဗ် ရက်ဇ်မြို့ ဈေးကြီး၌ ဖြစ်ပွားခဲ့ရာ လူ ၁၀၀ကျော် ဒဏ်ရာရခဲ့ ပြီး ၁၁ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရခဲ့၍ မော်စကိုဆေးရုံ၌ တက်ရောက်ဆေးကုသနေကြောင်း ရုရှားအရေးပေါ် ကယ်ဆယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုကို မည်သည့် အဖွဲ့က တိုက်ခိုက်သည်ကို အမြန်ဆုံးစုံစမ်းဖော်ထုတ်သွားမည် ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ပြောကြားသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**




# ရှားပါးပြီး ဈေးကြီးသည့် တရုတ် တံဆိပ်ခေါင်း

ဟောင်ကောင် စက်တင်ဘာ ၁၀

တရုတ်နိုင်ငံ ၁၆၄၄ မှ ၁၉၁၁ ခုနှစ်ကာလအတွင်း ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းတစ်ခုကို ဟောင်ကောင်၌ စက်တင်ဘာ ၉ရက်က ပြုလုပ်သော အကြိုလေလံပွဲတစ်ရပ်တွင် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ ခန့်ရရှိနိုင်ကြောင်း လေ့လာသူများက ပြောကြားသည်။

၎င်းတံဆိပ်ခေါင်းတွင် နဂါးတစ်ကောင်ပုံပါရှိပြီး တရုတ်နိုင်ငံ၏ အလွန်ရှေးကျသောတံဆိပ်ခေါင်းတစ်ခုဖြစ်ကြောင်း၊ **(အပေါ်ပုံ)** မကြာမီ ပြုလုပ်မည့်လေလံပွဲတွင် ခန့်မှန်းထားသည့် ဈေးနှုန်းထက် ပိုမိုရနိုင်ကြောင်း ဖူးရစ်အာရှလေလံအဖွဲ့က ပြောကြားသည်။

(အင်တာနက်)

# ဆန်ဖရန်စစ္စကို လေဆိပ်အနီး၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ
## နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်း၍ သုံးဦးသေဆုံး

ဆန်ဖရန်စစ္စကို စက်တင်ဘာ ၁၀

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို နိုင်ငံတကာလေဆိပ်အနီးရှိ ဆန်ဘရူနိုမြို့တွင် စက်တင်ဘာ ၉ရက်က ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုကြောင့် နေအိမ်များပေါ်သို့ မီးကူးစက်လောင်ကျွမ်း၍ အနည်းဆုံး သုံးဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြား သည်။

## ဖြစ်ပွား

အဆိုပါ ပေါက်ကွဲမှုသည် ဆန်ဘရူနိုမြို့ အထက်တန်းကျောင်း အနီးရှိ ဓာတ်ဆီပိုက်လိုင်းကို မြေတူးစက်ဖြင့် ချော်၍ တူးမိရာမှ စတင်ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ ပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် ညနေ ၆နာရီခန့်တွင် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ **(ယာပုံ)**

ယင်းဓာတ်ငွေ့ပိုက်လိုင်းသည် ပစိဖိတ်ဓာတ်ငွေ့နှင့် လျှပ်စစ် ကုမ္ပဏီက ပိုင်ဆိုင်ပြီး လုံးပတ် ၂၄ လက်မရှိသည်။

မီးသတ်ကားများနှင့် ရဟတ်ယာဉ်များဖြင့် ငြိမ်းသတ် လျက်ရှိပြီး မီးလောင်မှုကြောင့် အများအပြား ဒဏ်ရာရရှိသွား ကြောင်း ဆန်ဖရန်စစ္စကိုမြို့ အာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)



# ဆိုမာလီ၌ ဗုံးပေါက်ကွဲ
## ၁၄ ဦး သေဆုံး

မိုဂါဒစ်ရှူး စက်တင်ဘာ ၁၀

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် ၁၄ ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

## ပေါက်ကွဲမှုဖြစ်

အဆိုပါဖြစ်စဉ်မှာ မိုဂါဒစ်ရှူးမြို့တွင် စက်တင်ဘာ ၉ရက်က လေဆိပ်အဆောက်အအုံ၏ အဓိကဝင်ပေါက်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပရက်စ်သတင်းဌာနက ထုတ်ပြန်လိုက် သည်။ ၎င်းနိုင်ငံရှိ မြို့ကြီးများတွင် ပေါက်ကွဲမှုများဖြစ်ပွားနေခြင်း ကြောင့် လက်ရှိအခြေအနေတွင် ဒဏ်ရာရရှိသူအချို့ရှိခဲ့ပြီး သေဆုံး မှုနှုန်းလည်း တိုးလာသည်။ ပြီးခဲ့သည့်နှစ်ပတ်အတွင်း ဗုံးပေါက်ကွဲမှု ကြောင့် အရပ်သား ၂၃၀ သေဆုံးခဲ့ရကြောင်း အဆိုပါ သတင်း ဌာနက သတင်းထုတ်ပြန်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



# ဘရာဇီးတောင်ပိုင်း၌ ဝေလငါးများ သောင်တင်

ဘရာဆီးလီးယား စက်တင်ဘာ ၁၀

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာကာတာရီနာပြည်နယ် ကမ်းခြေများတွင် သေဆုံးနေသော ဝေလငါးများ သောင်တင် နေမှုကို တွေ့မြင်ခဲ့ရကြောင်း**(ဝဲပုံ)** ဒေသခံများက စက်တင်ဘာ ၁၀ရက်၌ ပြောကြားသည်။

## အရွယ်အစားကြီးမား

သေဆုံးနေသော ဝေလငါးများအပြင် လှုပ်ရှားမှုနှေးကွေး နေသည့် ဝေလငါးများ၊ မေ့မြောနေသော ဝေလငါးများကိုလည်း တွေ့မြင်ရကြောင်း၊ အချို့ဝေလငါးများမှာ အရွယ်အစားကြီးမား ကြောင်း ဆန်တာကာတာရီနာ ပြည်နယ်အရာရှိများက ပြောကြားသည်။

## သောင်တင်နေ

ဘရာဇီးနိုင်ငံ ဆန်တာကာတာရီနာပြည်နယ်ရှိ အီတာပီရူ ဘာဆူလ်ကမ်းခြေတွင် အလွန်ကြီးမားသော ဝေလငါးကြီးတစ်ကောင် သောင်တင်နေမှုကြောင့် ပင်လယ်သို့ ပြန်လည်လွှတ်ပေးခဲ့ရကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောကြားသည်။

ဘရာဇီးအရာရှိများကမူ သေဆုံးနေသော ဝေလငါးများတွင် အဆိပ်သင့်မှုလက္ခဏာ တွေ့ရကြောင်း၊ ပင်လယ်အတွင်းသို့ ဓာတုစွန့်ပစ်ပစ္စည်းများ၊ လက်နက်စမ်းသပ်မှုများနှင့် ပင်လယ်ရေအပူချိန် မြင့်တက်လာမှုများကြောင့် ဖြစ်နိုင်ကြောင်း၊ တစ်ဖန်ရေနံယိုဖိတ်မှုများကလည်း ပြဿနာတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။ ဆန်တာကာတာရီနာပြည်နယ်ကမ်းခြေများတွင် စက်တင်ဘာ ၉ရက်နှင့် ၁၀ရက်များက ဝေလငါးကောင်ရေ ၅၀ခန့် သောင်တင်ခဲ့ကြသည်ဟု ဒေသခံများက ပြောကြားခဲ့သည်။

(အင်တာနက်)

# နောက်ဆုံးရနိုင်ငံတကာသတင်းများ

အာကာကျော် - စုစည်းသည်

## အစ္စရေးတို့အား ပါလက်စတိုင်းတို့ လက်တုံ့ပြန်တိုက်ခိုက်



ဂျေရုဆလင် စက်တင်ဘာ ၁၀

အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသ ကမ်းရိုးတန်းတစ်လျှောက် လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး နာရီပိုင်းအကြာ စက်တင်ဘာ ၁၀ရက်တွင် ဂါဇာရှိ လက်နက်ကိုင်များက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့်ပြန်လည်လက်တုံ့ပြန် ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ပစ်ခတ်မှုကြောင့် ရှာအာဟာနီဂရက်ဒေသ၌ ဒုံးကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ (အပေါ်ပုံ)အပျက်အစီးနှင့်ထိခိုက်ဒဏ်ရာရမှုများ မသိရသေးကြောင်း အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသဘက်မှ အစ္စရေးဘက်သို့ နယ်စပ်ဖြတ်ကျော်ပြီး ဒုံးကျည်များဖြင့် ပစ်ခတ်မှုမှာ စက်တင်ဘာ ၆ရက် နောက်ပိုင်း ခြောက်ကြိမ်ရှိသွားပြီဟု ဆိုသည်။

ပြောကြား

စက်တင်ဘာ ၉ရက်နောက်ပိုင်းက အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟားမတ်စ်လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ပါလက်စတိုင်းမှ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ (အင်တာနက်)

## ဖူကျန်းပြည်နယ်အတွင်း တိုင်ဖုန်းမုန်တိုင်းမွှေနှောက်



ဖူကျို့ စက်တင်ဘာ ၁၀

မီရန်တီအမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ် ရှီရှီမြို့သို့ စက်တင်ဘာ ၁၀ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း **(အပေါ်ပုံ)**ပြည်နယ်ရေကြီးမှုထိန်းချုပ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ တိုက်ခတ်ခဲ့သည့် ၁၀ခုမြောက် မုန်တိုင်းဖြစ်ပြီး ဒေသစံတော်ချိန် ၃နာရီခွဲတွင် တိုက်ခတ်ခဲ့ကြောင်း၊ ၎င်းမုန်တိုင်းမှာ တစ်စက္ကန့် ၃၅မီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း၊ ဖူကျန်းပြည်နယ်အတွင်း ရေကြီးမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုမှကာကွယ်ရန် လူပေါင်း ၁၄၅၃၀၀ အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ငါးဖမ်းစက်လှေ ၃၃၂၀၀ကိုလည်း စက်တင်ဘာ ၉ရက် ည ၈နာရီက ငါးဖမ်းထွက်ခြင်းမှ တားဆီးပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွှေ့လျားလျက်ရှိကြောင်း၊ စက်တင်ဘာ ၁၁ရက်တွင် အန်ဟွေးပြည်နယ်အတွင်း ဆက်လက်ဝင်ရောက်ဖွယ်ရှိကြောင်း တရုတ်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသည့်ဂျာမနီသင်္ဘော အမေရိကန်ရေတပ်က ပြန်လည်စီးနင်းတိုက်ခိုက်သိမ်းယူ

ဆိုမာလီ စက်တင်ဘာ ၁၀

ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲထားခဲ့သည့် သင်္ဘောတစ်စင်းကို အမေရိကန်ရေတပ်က ပြန်လည်တိုက်ခိုက်ရယူပေးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၀ ရက်က သတင်း၌ ဖော်ပြသည်။ (အောက်ပုံ)

အဆိုပါ သင်္ဘောသည် ဂျာမနီသင်္ဘောကုမ္ပဏီ အမ်ဗွီမက်ဂျယ်လန့်စတားမှဖြစ်ပြီး အမေရိကန်ရေတပ်က စက်တင်ဘာ ၉ရက်တွင် ဆိုမာလီပင်လယ်ဓားပြများလက်မှ ပြန်လည်စီးနင်း တိုက်ခိုက်ရယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဝင်ရောက်စီးနင်းသိမ်းယူစဉ် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ သင်္ဘောသား ၁၁ဦးလည်း ဓားပြများရန်မှ လွတ်မြောက်ခဲ့ကြောင်း၊ ဆိုမာလီပင်လယ်ဓားပြများထံမှ ပြန်လည်စီးနင်းရယူနိုင်ခဲ့ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဘာရိန်းရှိ အမေရိကန်ရေတပ်မှ ဒုတိယဗိုလ်မှူးကြီး ဂျွန်ဖာဂျီက ပြောသည်။



(အင်တာနက်)

## ကမ္ဘာ့ကုန်သွယ်ရေးအမြွှာမျှော်စင် တိုက်ခိုက်ခံရပြီးနောက် ကမ္ဘာ့နိုင်ငံအချို့မှ ပြည်သူများ၏ အိပ်မက်ဆိုးများ

တိုး - ရေးသားသည်

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အဖြစ်အပျက်သည် ယခုအခါ ကိုးနှစ်ကြာခဲ့ပြီ။ ယခုတိုင် ကမ္ဘာသူ ကမ္ဘာသားများက အမှတ်ထင်ထင် သတိရနေဆဲဖြစ်သည်။ အကြောင်းမူ ၎င်း၏ နောက်ဆက်တွဲဆိုးကျိုးကို ကမ္ဘာ့နိုင်ငံအချို့ ခံစားနေရဆဲဖြစ်သောကြောင့်ပင်။ ထိုနေ့ နံနက်စောစောပိုင်းတွင် အယ်လ်ခိုင်ဒါ အကြမ်းဖက်သမား ၁၉ဦးတို့က အမေရိကန်ခရီးသည်တင်ဂျက်လေယာဉ်လေးစင်းကို အပိုင်စီးပြီး ၎င်းတို့အနက် ဘိုးရင်း ၇၆၇-ဂျက်လေယာဉ် နှစ်စင်းဖြင့် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာန (ဒဗလျူတီစီ)၏ အမြွှာမျှော်စင်တို့ကို ဝင်တိုက်ခဲ့သည်။



**အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာန အမြွှာမျှော်စင်နှစ်ခုကို ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် မတိုင်မီက ဤသို့ တွေ့ရသည်။**

### ပျက်ကျ

အကြမ်းဖက်သမားများက ပထမဆုံး တောင်ဘက်မျှော်စင် (၂)ကို ဂျက်လေယာဉ်ဖြင့်တိုက်ပြီး မီးလောင်ကျွမ်းစေခဲ့သည်။ယင်းနောက် အခြားလေယာဉ်ဖြင့် မြောက်ဘက်မျှော်စင် (၁)ကို တိုက်ခိုက်သဖြင့် အမြွှာမျှော်စင်နှစ်ခုစလုံး နှစ်နာရီအတွင်း ပြိုကျပျက်စီးသွားသည်။ အကြမ်းဖက်သမားများ အပိုင်စီးသည့် တတိယခရီးသည်တင် လေယာဉ်က ဝါရှင်တန်ဒီစီအပြင်ဘက် ဗာဂျီးနီးယားပြည်နယ် ဘာလင်တန်ရှိ အမေရိကန်စစ်ဌာနချုပ်(ပင်တဂွန်)ကို တိုက်ခိုက်သည်။ စတုတ္ထလေယာဉ်မှာ ပင်ဆယ်ဗေးနီးယားပြည်နယ် လယ်ကွင်းထဲသို့ ထိုးကျပျက်စီးသွားသည်။

အကြမ်းဖက်သမားများ၏ လေယာဉ်အပိုင်စီးပြီး တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမား ၁၉ဦးနှင့် အပြစ်မဲ့ပြည်သူ ၂၉၇၇ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူအများစုမှာ နိုင်ငံပေါင်း ၇၀ ကျော်မှ ပြည်သူများဖြစ်ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးဌာနကို နယူးယောက်မြို့လယ် စီးပွားရေးရပ်ကွက်မှ စတုရန်းပေ ၁၃ ဒသမ ၄သန်းအကျယ်ရှိ မြေကွက်ပေါ်တွင် ၁၉၆၆ခုနှစ် ဩဂုတ်၅ရက်တွင် ပန္နက်ရိုက် တည်ဆောက်ခဲ့သည်။ အထပ်ပေါင်း ၁၁၀စီရှိ အမြွှာမျှော်စင်များအနက် မြောက်ဘက် မျှော်စင် (၁)ကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလတွင်လည်းကောင်း၊ တောင်ဘက်မျှော်စင် (၂)ကို ၁၉၇၁ခုနှစ် ဇူလိုင်လတွင်လည်းကောင်း အပြီးတည်ဆောက်ခဲ့သည်။ အမြွှာမျှော်စင်နှစ်ခုမှာ အကြမ်းဖက်သမားများ၏ လက်ချက်ဖြင့် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက် နံနက် ၈နာရီ ၄၆မိနစ်နှင့် ၁၀နာရီ ၂၈မိနစ်အတွင်း မီးလောင်ပြိုကျ ပျက်စီးခဲ့ရသည်။

### ဝင်ရောက်

အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်နိုင်ငံက အကြမ်းဖက်နှိမ်နင်းရေးအတွက်ဟုဆိုကာ ၂၀၀၁ခုနှစ် အောက်တိုဘာ၇ရက်တွင် အာဖဂန်နစ္စတန်အတွင်းသို့ စတင်ဝင်ရောက် စစ်ဆင်တော့သည်။ အိုစမာဘင်လာဒင်၏ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ကို လက်ခံထားသည့် အာဖဂန်နစ္စတန် တာလီဘန်အစိုးရအား ဖယ်ရှားရန် အကြမ်းဖက်ချေမှုန်းရေးစစ်ပွဲကို ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

### ကြေညာ

အစုလိုက် အပြုံလိုက်သေစေသည့် လက်နက်များ အကြမ်းဖက်သမားများလက်တွင် မရောက်စေရန်ဟု ကြေညာကာ ၂၀၀၃ခုနှစ် မတ်လ ၁၉ရက်တွင် အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံကို ဝင်ရောက်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုအခါ နိုင်ငံခြားသားတပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀၀၀ ခန့်ရှိသည်။ အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ကို ဩဂုတ်လအတွင်းက ထပ်မံစေလွှတ်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်လက်နက်ကိုင် တပ်ဖွဲ့ဝင် ၂၀၀၀၀ခန့်သာရှိသည်ဟု ယူဆရသော်လည်း အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုများပြားလာခြင်းကြောင့် ယခုနှစ်သည် အသေအပျောက် စံချိန်တင်သည့် ၂၀၀၉ခုနှစ် ထက်ပင်ကျော်လွန်ကာ စံချိန်ချိုးမည့် အလားအလာရှိနေသည်။ အမေရိကန်တပ်များကို အာဖဂန်နစ္စတန်မှ ၂၀၁၁ခုနှစ် ဇူလိုင်လရောက်မှ စတင်ရုပ်သိမ်းမည်ဆို၏။ သို့သော် အာဖဂန်အစိုးရက မေတ္တာရပ်ခံလျှင် ဆက်ထားကောင်း ဆက်ထားမည်ဟု သိရသည်။

အမေရိကန်တို့၏ အကြမ်းဖက်နှိမ်နင်းရေးသည် ယနေ့ ပါကစ္စတန်၏ အဖြစ်အပျက်များနှင့် ဆက်စပ်နေပြန်သည်။ အကြမ်းဖက်နှိမ်နင်းရေး ဟုဆိုကာ ပါကစ္စတန်နယ်စပ်ကို မောင်းသူမဲ့လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုဒေသ၌ တာလီဘန်နှင့် အယ်လ်ခိုင်ဒါတို့နှင့် အဆက်အသွယ်ရှိသည့်အကြမ်းဖက်သမားများရှိသည်ဟု အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့က ယူဆထားသည်။ ပါကစ္စတန်နိုင်ငံ ပြည်တွင်း၌ကား အကြမ်းဖက်သူတို့ မိုင်းထောင်၊ ဗုံးခွဲမှုကြောင့် အပြစ်မဲ့ ဒေသခံပြည်သူများ သေကျေကြရသည်။

အီရတ်၊ အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်နိုင်ငံများရှိ ပြည်သူများသည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက်ဖြစ်စဉ်၏ နောက်ဆက်တွဲဆိုးကျိုးကို ခံစားနေကြရသည်။

### မျှော်မှန်း

ယခုအခါ နယူးယောက်မြို့မှ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံများကို ပြန်လည် တည်ဆောက်လျက်ရှိသည်။ ကမ္ဘာ့ကုန်သွယ်ရေးဌာနမှာ ၂၀၁၃ ခုနှစ်တွင် ပြီးစီးလျှင် ၁၇၇၆ပေ အမြင့်ရှိမည်။ မြောက်အမေရိက၌ အမြင့်ဆုံးသော အဆောက်အအုံအဖြစ် တွေ့လာကြရမည်ဖြစ်သည်။ လာမည့်နှစ် ဤအချိန်တွင် ကမ္ဘာ့ကုန်သွယ်ရေးဌာန တည်ထောင်မှု ပထမဆင့် ပြီးစီးမည်ဟု မျှော်မှန်းထားသည်။

နယူးယောက်ကုန်သွယ်ရေး မျှော်စင်များ တိုက်ခိုက်ခံရမှုကို အခြေခံခဲ့သော ကျူးကျော်မှုများ၊ အကြမ်းဖက်မှုများသည် အဆိုပါ ကုန်သွယ်ရေးဌာနကြီး ၂၀၁၃တွင် တည်ဆောက်ပြီးစီးချိန်နှင့် အတူ နိဂုံးချုပ် အဆုံးသတ်မည်လား…။ မည်သူမျှ အတိအကျ မပြောနိုင်။ သို့သော် ယခုတော့ အကြမ်းဖက်မှု၏ ဆိုးကျိုးများကို ကျူးကျော်ခံနိုင်ငံများမှ ပြည်သူများ ခါးစည်း၍ ခံနေရဆဲ…။ မျက်ရည်တွေ ပင်လယ်ဝေနေကြဆဲ…။ ထိုမြင်ကွင်းများသည်ကား တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိသည့် နောက်ဆက်တွဲ ဖြစ်ရပ်ဆိုးကျိုးများပင် မဟုတ်ပါလား။ သောကတောမှာ ရင်မောစွာဖြင့် အိပ်မက်ဆိုးတွေ မက်နေကြဆဲ မဟုတ်ပါလား။ ။



**၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက် နံနက်က ကမ္ဘာ့ကုန်သွယ်ရေးမျှော်စင်များအား အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် မီးလောင်ပြိုကျနေမှုမြင်ကွင်း….။**

**ကိုးကား-အင်တာနက်**

# လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်ကို မိုင်းခွဲဖျက်ဆီးရန် ကြိုးပမ်းမှုအား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့် အချိန်မီရှင်းလင်းဖယ်ရှားနိုင်ခဲ့၊ ဤသို့ တားဆီးကာကွယ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တပ်မတော်သားတစ်ဦး နိုင်ငံနှင့်ပြည်သူအတွက် ခြေတစ်ဖက်ပေးဆပ်စွန့်လှူခဲ့ရ

## ယနေ့ပြည်သူအများက အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များအား ရွံ့ရှာမုန်းတီးလျက်ရှိကြပြီး ၎င်းတို့ကို နိုင်ငံတော်က ထိရောက်စွာ ဖော်ထုတ်ဟန့်တားဆောင်ရွက်ရန် လိုလားမျှော်လင့်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၀

**သထုံမြို့နယ် ဒုံဝန်းကျေးရွာ အုပ်စုရှိ လယ်ကွင်းအတွင်း စိုက်ထူထားသည့် လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီးရန် ကြိုးပမ်းမှုအား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့် အချိန်မီ ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း သိရှိရသည်။**

### တပ်ဆင်ထား

ဖြစ်စဉ်မှာ စက်တင်ဘာရရက်က သထုံမြို့နယ် ဒုံဝန်းကျေးရွာ အုပ်စု ကွင်းအမှတ်(၄၃၀)ရှိ လယ်ကွင်းအတွင်း စိုက်ထူထားသော ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၃၀၂)ကို ဖောက်ခွဲဖျက်ဆီးရန် မိုင်းများ ထောင်ထားသည်ကို တွေ့ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုအရ သက်ဆိုင်ရာက သွားရောက်စစ်ဆေး ရှင်းလင်းခဲ့သည်။ စုစုပေါင်း မိုင်းငါးလုံး တွေ့ရှိရပြီး တာဝါတိုင် ဒေါက်တိုင်လေးတိုင်တွင် တစ်တိုင်လျှင် မိုင်းတစ်လုံးနှုန်းဖြင့် မြေပြင်မှ အထက် ၁၀ ပေခန့်တွင် လည်းကောင်း၊ ကျန်မိုင်းတစ်လုံးကို ကန့်လန့်တန်းပေါင်၌ကပ်၍ လည်းကောင်း တာဝါတိုင် ဗုန်းဗုန်းကျပြိုလဲအောင် စေ့စေ့စပ်စပ်တပ်ဆင်ထားကြောင်း တွေ့ရှိရသည်။



မိုင်းရှင်းလင်းရေးအဖွဲ့ဝင်က တာဝါတိုင်တွင် မိုင်းရှင်းလင်းစဉ်။

မိုင်းရှင်းလင်းရေးအဖွဲ့က မိုင်းများအား စနစ်တကျ ရှင်းလင်းဖယ်ရှားနိုင်ခဲ့သော်လည်း ၎င်းမိုင်းငါးလုံးအနက် တစ်လုံးမှာ အခြားဝှက်ထားသည့် မိုင်းတစ်လုံးနှင့် ဆက်စပ်ပြီး ထောင်ချောက်မိုင်းထောင်ထားခြင်းဖြစ်သည့်အတွက် မိုင်းရှင်းလင်းနေစဉ် ၎င်းဝှက်ထားသော ထောင်ချောက်မိုင်း ရုတ်တရက် ပေါက်ကွဲခဲ့ရာ မိုင်းရှင်းလင်းရေးအဖွဲ့ဝင်စစ်သည်တစ်ဦး ညာခြေချင်းဝတ်အထက်မှ ပြတ်တောက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း သိရှိရသည်။

### ပေးဆပ်စွန့်လှူခဲ့

ဤသို့ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့် သက်ဆိုင်ရာက မိုင်းများကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့သည့်အတွက် တာဝါတိုင်ပြိုလဲပြီး ဓာတ်အားလိုင်းများ ပြတ်တောက်မည့်အရေးမှ အချိန်မီ တားဆီးကာကွယ်နိုင်ခဲ့ကြောင်း၊ တာဝါတိုင်ပြိုလဲခဲ့ပါက လျှပ်စစ်မီးပြန်လည်ရရှိရန် အချိန်များစွာယူရမည်ဖြစ်ပြီး လူအား၊ ငွေအားများစွာ စိုက်ထုတ်သုံးစွဲရမည်ဖြစ်ကြောင်း၊ သို့သော် ပြည်သူများ လျှပ်စစ်မီး မပြတ်တောက်ရအောင် တားဆီးကာကွယ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တပ်မတော်သား တစ်ဦးမှာမူ နိုင်ငံနှင့်ပြည်သူအတွက် ခြေတစ်ဖက်ကို ပေးဆပ်စွန့်လှူခဲ့ရကြောင်းသိရသည်။



မိုင်းများကို ရှင်းလင်းစဉ် ပေါက်ကွဲသွားသည့် ထောင်ချောက်မိုင်းနေရာ။

### တိုးမြှင့်ဆောင်ရွက်

ယခုအခါ နိုင်ငံရေး အမြတ်ထုတ်လိုသည့် ဆန့်ကျင်ဘက်အုပ်စုများ၊ အဖျက်အမှောင့်သမားများက အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိအောင်၊ နိုင်ငံပိုင်အခြေခံအဆောက်အအုံများ ပျက်စီးအောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ထိုမှတစ်ဆင့် ၂၀၁၀ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး မအောင်မြင်အောင် သွေးထိုးလှုံ့ဆော်မှုများ၊ ဗုံးခွဲမိုင်းထောင်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဤဖြစ်စဉ်မှာလည်း အဖျက်အမှောင့်သမားများက ပဲခူးမြို့တွင် လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမှ တစ်ဆင့် သေနတ်ဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် အချိန်ကိုက် ဟန်ချက်ညီ ချိတ်ဆက်လုပ်ဆောင်လာခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

### ထိရောက်စွာဖော်ထုတ်

ဤဖြစ်စဉ်တွင် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံနှင့်ပြည်သူ ထိခိုက်စေမည့်အန္တရာယ်မှ အချိန်မီတားဆီး ကာကွယ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယနေ့ပြည်သူအများကလည်း ဤကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးအောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် ဆန့်ကျင်ဘက်အုပ်စုများ၊ အဖျက်အမှောင့်အုပ်စုများ၏ အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များအား ရွံ့ရှာမုန်းတီးလျက်ရှိကြပြီး ၎င်းတို့ကို နိုင်ငံတော်က ထိရောက်စွာ ဖော်ထုတ်ဟန့်တားဆောင်ရွက်ရန် လိုလားမျှော်လင့်လျက်ရှိကြကြောင်း သိရှိရသည်။

ထို့ကြောင့် နိုင်ငံတော်အပိုင်းကလည်း ပြည်သူများ၏ ဆန္ဒနှင့်အညီ အကြမ်းဖက် အဖျက်အမှောင့်

တာဝါတိုင်တွင် ဖောက်ခွဲရန်အသင့်တပ်ဆင်ထားသည့် တီအင်န်တီ ယမ်းတောင့်များနှင့် ဒီတိုနေတာ ယမ်းကြိုးများကို တွေ့ရစဉ်။



လုပ်ရပ်များအား ပြည်သူများနှင့် ပူးပေါင်းလျက် ထိရောက်စွာ ဖော်ထုတ်ဟန့်တား အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီးပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ်ရာ တွေ့ရှိပါက တာဝန်ရှိသူများထံ အမြန်ဆုံး သတင်းပေးပို့လျက် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့် ချိန်ကိုက်မိုင်းတစ်လုံးအား တာဝန်ရှိသူများက အချိန်မီဖော်ထုတ်ရှင်းလင်းနိုင်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများစွာ သေကျေထိခိုက်ကြရမည့် အန္တရာယ်ဆိုးမှ ကာကွယ်နိုင်ခဲ့

## အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများက ၂၀၁၀ရွေးကောက်ပွဲ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်လျက်ရှိ

## ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၁၀

**စက်တင်ဘာ ၉ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး ရထားလမ်းခုံးကျော် လူကူးသစ်သားတံတားပေါ်၌ ထောင်ထားသည့် ချိန်ကိုက်မိုင်းတစ်လုံးအား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ အချိန်မီရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း သိရှိရသည်။**

### အချိန်မီရှင်းလင်း

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ရက် ညပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေး မြောက်ဘက်တန်းနှင့် ယောမင်းကြီးလမ်းသို့ ဆက်သွယ်သည့် ရထားလမ်းခုံးကျော် လူကူးသစ်သားတံတားပေါ်၌ အပြာရောင်တိပ်ဖြင့် ပတ်ထားသည့် မသင်္ကာဖွယ်ရာ ကွန်ပါဘူးတစ်ခုကို တွေ့ရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ကျောင်းသုံးကွန်ပါဘူးကို အသုံးပြု မိုင်းထောင်ထားသည့် ချိန်ကိုက်မိုင်းတစ်လုံးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ အဆိုပါမိုင်းမှာ အလျား ၁၉စင်တီမီတာ၊ အနံ ၇စင်တီမီတာ၊ အမြင့် ၂ဒသမ ၅စင်တီမီတာ အရွယ်ရှိ ကျောင်းသုံးကွန်ပါဘူး အတွင်း ထည့်သွင်းတပ်ဆင်ထားပြီး အလျား ၈ဒသမ ၅စင်တီမီတာ၊ အနံ ၅ဒသမ ၅စင်တီမီတာ၊ အမြင့် ၂ဒသမ ၅စင်တီမီတာနှင့် အလေးချိန် ၀ဒသမ ၅ပေါင်ခန့်ရှိ C4 အမျိုးအစား ယမ်းတုံးတစ်တုံး၊ ယမ်းတုံးအတွင်း တပ်ဆင်ထားသည့် အလျား ၄၂မီလီမီတာနှင့် အချင်း ၇မီလီမီတာရှိ လျှပ်စစ်ဒီတိုနေတာတစ်ခု၊ ဝိုင်ယာကြိုးများ တပ်ဆင်ထားသည့် ဓာတ်ခဲနာရီတစ်လုံး၊ လျှပ်စီးပတ်လမ်းထိန်းခလုတ်တစ်ခုနှင့် AA အရွယ်အစား Panasonic ဓာတ်ခဲအသေး သုံးလုံးတို့ ပါဝင်ကြောင်း၊ ၎င်းမိုင်းကို အချိန်ကိုက် ပေါက်ကွဲစေရန် အသက်သွင်းထားပြီး အပြာရောင်တိပ်ဖြင့် ပတ်ထားသည်ကို တွေ့ရသဖြင့် မိုင်းရှင်းလင်းရေးအဖွဲ့က အသက်မဲ့သွားစေရန် အချိန်မီရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

### ကာကွယ်နိုင်

အဆိုပါ ချိန်ကိုက်မိုင်းကို နောက်တစ်နေ့နံနက် ၆နာရီခန့်တွင် ပေါက်ကွဲစေရန် ချိန်ကိုက်ထားပြီး ပြည်သူအများ နံနက်ခင်းဈေးဝယ်ရန် သွားလာစည်ကားချိန်တွင် အချိန်ကိုက်ပေါက်ကွဲပြီး ထိခိုက်သေကျေဆုံးရှုံးမှု ကြီးမားများပြားအောင် ကြံစည်လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့် တာဝန်ရှိသူများက အချိန်မီဖော်ထုတ် ရှင်းလင်းနိုင်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများစွာ သေကျေထိခိုက်ကြရမည့် အန္တရာယ်ဆိုးမှ ကာကွယ်နိုင်ခဲ့ကြောင်း သိရှိရသည်။

### အချိန်ကိုက်

**အကြမ်းဖက် သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများသည် နိုင်ငံတစ်ဝန်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်ဆူပူမှုများဖြစ်ပွားပြီး မကြာမီ ကျင်းပတော့မည့် ၂၀၁၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များအား တိုးမြှင့်လုပ်ဆောင်လျက်ရှိကြရာ ဤဖြစ်စဉ်မှာလည်း မကြာမီက ပဲခူးမြို့တွင် လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားရာမှ သေနတ်ဖြင့်ပစ်ခတ်မှုအထိ ဖြစ်ပွားခဲ့ရသည့် ဖြစ်စဉ်နှင့် အချိန်ကိုက်ဟန်ချက်ညီ ချိတ်ဆက်လုပ်ဆောင်လာခြင်းပင် ဖြစ်သည်။**

### သတင်းပေးပို့

**ယင်းအကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များအား ပြည်သူအများစုက ရွံရှာမုန်းတီးလျက်ရှိကြပြီး ယခုကဲ့သို့ တာဝန်သိပြည်သူများ၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ အချိန်မီဟန့်တားချေဖျက် ဖယ်ရှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ပါ၍ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)




**တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အနီး ရထားလမ်းခုံး ကျော် လူကူး သစ်သား တံတားပေါ်မှ အချိန်မီ ရှင်းလင်းဖယ်ရှားနိုင်ခဲ့ သည့် ချိန်ကိုက်မိုင်းကိုတွေ့ရစဉ်။**



**ချိန်ကိုက်မိုင်းထည့်ထားသည့် ကျောင်းသုံးကွန်ပါဘူးအတွင်းမှ ဖောက်ခွဲရေးသုံးယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။**



**ချိန်ကိုက်မိုင်းတွေ့ရှိရသည့် နေရာ။**

# အနာဂတ်နိုင်ငံတော်ကို မိမိဆန္ဒမဲဖြင့် တည်ဆောက်ကြ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အနာဂတ်ကာလတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးသည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ရပ်တည်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို ကြေညာပြီး ယင်းလုပ်ငန်းစဉ်များအတိုင်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်၏ ပဉ္စမအဆင့်ဖြစ်သည့် ရွေးကောက်ပွဲကို ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များသည်လည်း အနာဂတ်နိုင်ငံတော် တည်ဆောက်မှု အခန်းကဏ္ဍတွင် မလွဲမသွေ ပါဝင်လာကြတော့မည်ဖြစ်ပေသည်။

**မဲဆန္ဒရှင်ဆိုသည်မှာ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသည့် မဲစာရင်းတွင် ပါဝင်သူတို့ဖြစ်ပါသည်။ ယင်းတို့သည် မဲဆန္ဒရှင်များ ဖြစ်ကြသည်နှင့်အညီ ဆန္ဒမဲပေးခွင့်ရရှိနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့က စနစ်တကျ မဲစာရင်းပြုစုပေးကြမည်ဖြစ်ပါသည်။ မဲစာရင်းပြုစုပြီးသည့်အခါ ယင်းမဲစာရင်းကို အများပြည်သူ မြင်သာသောနေရာ၌ ကပ်ထား၍ ကြေညာပေးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို ကြည့်ရှုစိစစ်ခွင့်ရရှိပြီး မဲစာရင်းတွင် မိမိအမည်ပါဝင်သင့်ပါလျက် မပါဝင်ကြောင်းတွေ့ရှိလျှင် မဲစာရင်း၌ ထည့်သွင်းပေးရန် တောင်းဆိုလွှာကိုလည်းကောင်း၊ မိမိ၏ မဲဆန္ဒနယ် မဲစာရင်းတွင် တစ်စုံတစ်ဦး၏အမည်သည် မပါဝင်သင့်ဘဲ ပါဝင်နေသည်ကို တွေ့ရှိရပါက ယင်းအမည်ကို အမည်စာရင်းမှ ပယ်ဖျက်ပေးရန် ကန့်ကွက်လွှာကိုလည်းကောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်ပါသည်။**

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ဥပဒေနှင့်အညီ အမည်စာရင်း ထည့်သွင်းပေးခြင်း သို့မဟုတ် အမည်စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အကယ်၍ အမည်စာရင်း ထည့်သွင်းပေးရန်သော်လည်းကောင်း၊ အမည်စာရင်းမှ ပယ်ဖျက်ပေးရန်သော်လည်းကောင်း ငြင်းပယ်လျှင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ မဲဆန္ဒရှင်များက အယူခံ တင်သွင်းနိုင်ပါသည်။ မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ မဲစာရင်း၌ မိမိအမည်ပါဝင်မှသာ ဆန္ဒမဲပေးခွင့်ရရှိနိုင်သောကြောင့် ဆန္ဒမဲပေးခွင့်ရရေးအတွက် သက်ဆိုင်ရာ မဲစာရင်း၌ မိမိအမည်ပါဝင်ရန် အရေးကြီးပါသည်။

မဲစာရင်း အတည်ပြုပြီးသည့်အခါ မဲဆန္ဒနယ်အတွင်း ရှိနေသူများအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာ မဲရုံသို့ ကိုယ်တိုင်သွားရောက်၍ မဲပေးခွင့်ရှိသကဲ့သို့ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိပါသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ပြည်တွင်း၌ ရှိနေသူများသည် လည်းကောင်း၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများသည်လည်းကောင်း ရွေးကောက်ပွဲတွင် ယင်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကို အပြည့်အဝ ကျင့်သုံးနိုင်စေရန် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်ခွဲအသီးသီးတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရမည် ဖြစ်ပေသည်။

**ဆန္ဒမဲပေးရန် မဲရုံသို့ရောက်ရှိသည့်အခါ မဲစာရင်း စစ်ဆေးသူအား တွေ့ရှိရမည်ဖြစ်ပြီး ယင်းက မဲဆန္ဒရှင်၏အမည်နှင့် အချက်အလက်များကို မှန်မမှန် စိစစ်ပြီးနောက် မဲလက်မှတ်ထုတ်ပေးသူက ဆန္ဒမဲလက်မှတ်ကို ထုတ်ပေးမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်သည် သက်ဆိုင်ရာ ဆန္ဒမဲမထည့်မီ လျှို့ဝှက်ဆန္ဒပြုခန်း (သို့မဟုတ်) လုံခြုံအောင်ဆောင်ရွက်ပေးထားသော နေရာများတွင် မိမိဆန္ဒပြုလိုသည့် ပုဂ္ဂိုလ်၏အမည်ကို (✔)အမှန် အမှတ်အသားပြုပြီးနောက် ဆန္ဒမဲကိုခေါက်လျက် မဲပုံးအတွင်းသို့ ထည့်ရမည် ဖြစ်ပါသည်။ ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲ မပေးတတ်လျှင်လည်းကောင်း၊ မျက်မမြင်ဖြစ်လျှင်လည်းကောင်း သက်ဆိုင်ရာမဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း တစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုခွင့်ရှိသကဲ့သို့ မိသားစုဝင်များမရှိလျှင် မဲရုံမှူးက ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် မဲဆန္ဒရှင်သည် လျှို့ဝှက်မဲပေးခန်းအတွင်း၌ မိမိဆန္ဒရှိသူကို လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးခွင့် ရရှိကြမည် ဖြစ်ပါသည်။**

**မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိ မဲဆန္ဒနယ်ရှိ သက်ဆိုင်ရာမဲရုံသို့ သွားရောက်သည့်အခါ မဲရုံကို ကြီးကြပ်ကွပ်ကဲရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ခန့်ထားသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မဲဆန္ဒရှင်များ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သလို ကူညီကြမည်ဖြစ်ပေသည်။**

မဲရုံအတွင်းသို့ ရောက်ရှိသည့်အခါ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်တို့အတွက် ဆန္ဒပြုရန် လျှို့ဝှက်ဆန္ဒပြုခန်း (သို့မဟုတ်) လုံခြုံအောင် ဆောင်ရွက်ပေးထားသော နေရာများကို မြင်တွေ့ရမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်တစ်ဦးသည် လွှတ်တော်သုံးရပ်အတွက် မဲလက်မှတ်သုံးမျိုးဖြင့် ဆန္ဒမဲပေးကြရမည် ဖြစ်ပါသည်။ ယင်းဆန္ဒမဲလက်မှတ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်နှင့် သင်္ကေတတို့ကိုလည်းကောင်း၊ ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာတို့ကိုလည်းကောင်း ဖော်ပြထားမည်ဖြစ်ပါသည်။

ထို့ပြင် မိမိတို့ မဲဆန္ဒနယ်အတွင်း၌ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီသော တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်းတိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသားလူမျိုးအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ဆန္ဒမဲပေးနိုင်မည် ဖြစ်ပါသည်။ ယင်းဆန္ဒမဲတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ အမည်နှင့် သင်္ကေတတို့ ဖော်ပြထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။

**ဆန္ဒမဲပေးရန် မဲရုံသို့ရောက်ရှိသည့်အခါ မဲစာရင်း စစ်ဆေးသူအား တွေ့ရှိရမည်ဖြစ်ပြီး ယင်းက မဲဆန္ဒရှင်၏အမည်နှင့် အချက်အလက်များကို မှန်မမှန်စိစစ်ပြီးနောက် မဲလက်မှတ်ထုတ်ပေးသူက ဆန္ဒမဲလက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်သည် သက်ဆိုင်ရာ ဆန္ဒမဲမထည့်မီ လျှို့ဝှက်ဆန္ဒပြုခန်း (သို့မဟုတ်) လုံခြုံအောင်ဆောင်ရွက်ပေးထားသော နေရာများတွင် မိမိဆန္ဒပြုလိုသည့် ပုဂ္ဂိုလ်၏အမည်ကို (✔)အမှန် အမှတ်အသားပြုပြီးနောက် ဆန္ဒမဲကိုခေါက်လျက် မဲပုံးအတွင်းသို့ ထည့်ရမည် ဖြစ်ပါသည်။ ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲ မပေးတတ်လျှင်လည်းကောင်း၊ မျက်မမြင်ဖြစ်လျှင်လည်းကောင်း သက်ဆိုင်ရာမဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း တစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသည့် နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုခွင့်ရှိသကဲ့သို့ မိသားစုဝင်များမရှိလျှင် မဲရုံမှူးက ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် မဲဆန္ဒရှင်သည် လျှို့ဝှက်မဲပေးခန်းအတွင်း၌ မိမိဆန္ဒရှိသူကို လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးခွင့် ရရှိကြမည် ဖြစ်ပါသည်။**

ဥပဒေလေ့လာသူတ

ပြည်ထောင်စုရွေ
သို့မဟုတ် ပြည်နယ
ကြေညာချက်များအ
ရွေးကောက်တင်မြေ
လောင်းများအား
အမှတ်ပြုလွှာများ
ကို နိုင်ငံတော်ပြန်
သည်။ ထို့နောက်
လွတ်လပ်စွာ
ကိုယ်စားလှယ်များ
မည်ဖြစ်ပါသည်။

**မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ**
**၆နာရီမှ ညနေ ၄နာရီအတွင်း သွားရော**
**သည်။ မဲရုံပိတ်ချိန်ရောက်ရှိသည့်တိုင်**
**မဲဆန္ဒရှင်များ မဲရုံပရိဝုဏ်အတွင်း၌ ဆန္**
**နေသေးသည်ကိုတွေ့ရှိလျှင် မဲရုံမှူးသည်**
**မဲရုံကို ဆက်လက်ဖွင့်လှစ်၍ မဲဆန္ဒရှင်မျာ**
**ဖြစ်ပါသည်။**

မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်း ပြီးဆုံး
ကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်
ကဖြစ်စေ မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူ
များရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲ
နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲထံမှ ရရှိထ
လက်မှတ်များကို ထိုမဲရုံတွင်ပင် စုစ
ပြုစုကြမည်ဖြစ်ပါသည်။ မဲရုံမှူးသည်
နေရာ၌ရှိနေသည့် မဲရုံအဖွဲ့ဝင်များ၊ အ
ကိုယ်စားလှယ်များပါဝင်သည့် သက်သေ
အမည်ကို မှတ်တမ်းတင်ထားရမည့်အပြင်
ထုတ်ပေးခဲ့သည့် ဆန္ဒမဲလက်မှတ်နှင့်
ဆန္ဒမဲလက်မှတ် အရေအတွက်တို့ ကိုက်ညီ
ရမည်ဖြစ်ပါသည်။ ပယ်ရမည့် ဆန္ဒမဲလက
ချက်များနှင့်အညီ ပယ်၍ ရေတွက်ပြီးစီး
များကို ထုပ်ပိုးချိပ်ပိတ်လက်မှတ်ရေး
မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေ

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွ
ကော်မရှင်အဖွဲ့ခွဲကပေးပို့သော လွှတ်တော်
အသီးသီးရရှိသည့် ဆန္ဒမဲလက်မှတ်များ
ထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များက

# ည်ဆောက်ကြပါစို့

ဥပဒေလေ့လာသူတစ်ဦး

ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ခိုင်လုံသော ဆန္ဒမဲအရေအတွက်ကို ကြေညာမည်ဖြစ်ပါသည်။ မြို့နယ်ကော်မရှင်ခွဲသည် မိမိကြေညာထားသည့် ကိုယ်စားလှယ်လောင်း အစီအစဉ်အတိုင်း အများပြည်သူရှေ့မှောက်၌ သတ်မှတ်ပုံစံများဖြင့် စာရင်းပြုစု၍ ယင်းစာရင်းမိတ္တူများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့မည်ဖြစ်ပါသည်။ ထိုသို့ ပေးပို့သောစာရင်းများအရ မဲဆန္ဒနယ်အလိုက် ခိုင်လုံသော ဆန္ဒမဲအရေအတွက်အများဆုံးရရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့တင်ပြသည့် ကြေညာချက်များအရ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်းနှင့် ယင်းတို့၏ အမည်စာရင်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာမည်ဖြစ်ပါသည်။ ထို့နောက် မဲဆန္ဒရှင်များက မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်အသီးသီး၌ မြင်တွေ့ကြရမည်ဖြစ်ပါသည်။**

**မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ မဲရုံအသီးသီးသို့ နံနက် ၆နာရီမှ ညနေ ၄နာရီအတွင်း သွားရောက်၍ ဆန္ဒမဲပေးခွင့်ရှိပါသည်။ မဲရုံပိတ်ချိန်ရောက်ရှိသည့်တိုင် ဆန္ဒမဲမပေးရသေးသော မဲဆန္ဒရှင်များ မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန် ဆက်လက်ရှိနေသေးသည်ကိုတွေ့ရှိလျှင် မဲရုံမှူးသည် သတ်မှတ်ချက်နှင့်အညီ မဲရုံကို ဆက်လက်ဖွင့်လှစ်၍ မဲဆန္ဒရှင်များအား ဆန္ဒမဲပေးစေမည်ဖြစ်ပါသည်။**

မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်း ပြီးဆုံးလျှင်ပြီးဆုံးချင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်နှင့် ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲထံမှ ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထိုမဲရုံတွင်ပင် စုစည်းရေတွက်၍ စာရင်းပြုစုကြမည်ဖြစ်ပါသည်။ မဲရုံမှူးသည် ဆန္ဒမဲရေတွက်သည့်နေရာ၌ရှိနေသည့် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များပါဝင်သည့် သက်သေအနည်းဆုံး (၁၀)ဦး၏ အမည်ကို မှတ်တမ်းတင်ထားရမည့်အပြင် မိမိလက်မှတ်ရေးထိုးထုတ်ပေးခဲ့သည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်တို့ ကိုက်ညီမှုရှိမရှိကိုပါ စစ်ဆေးရမည်ဖြစ်ပါသည်။ ပယ်ရမည့် ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ ပယ်၍ ရေတွက်ပြီးစီးသည့် ဆန္ဒမဲလက်မှတ်များကို ထုပ်ပိုးချိပ်ပိတ်လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည် ဖြစ်ပါသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာကော်မရှင်အဖွဲ့ခွဲကပေးပို့သော လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် မိမိလက်ဝယ် ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုပေါင်းပြီး လွှတ်တော်အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာမည်ဖြစ်ပါသည်။ ယင်းကြေညာချက်တစ်စောင်စီကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့မည်ဖြစ်ပါသည်။ **ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့တင်ပြသည့် ကြေညာချက်များအရ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်းနှင့် ယင်းတို့၏ အမည်စာရင်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာမည်ဖြစ်ပါသည်။ ထို့နောက် မဲဆန္ဒရှင်များက မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်အသီးသီး၌ မြင်တွေ့ကြရမည်ဖြစ်ပါသည်။**

**ဆန္ဒမဲပေးခြင်းသည် မဲဆန္ဒရှင်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသောအခွင့်အရေးကို ကျင့်သုံးခြင်းဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပူးပေါင်းပါဝင်လျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်သည့် ပြယုဂ်တစ်ခုဖြစ်ပါသည်။ သို့ပါ၍ လွတ်လပ်သော သဘောဆန္ဒပေါ်တွင် အခြေခံသည့် ဆန္ဒမဲပေးပိုင်ခွင့်ရရှိထားသော မဲဆန္ဒရှင်များသည် မိမိတို့၏အနာဂတ်ကို စနစ်တကျ ဖန်တီးပေးနိုင်စွမ်းရှိသည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မိမိတို့ တန်ဖိုးထား လေးစားသော၊ စံနမူနာကောင်းရှိသော၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော ပုဂ္ဂိုလ်များကိုသာ မှန်မှန်ကန်ကန် ရွေးချယ်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။**



## အကောင်းဆုံး ဘောလုံးသမားဆု

စက်တင်ဘာ ၁၀ရက်က လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



## အသန့်ရှင်းဆုံး ဘောလုံးအသင်းဆု

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



## တစ်ဦးချင်းဆု

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဒုတိယဆုရရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၉-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ Local Talent

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၀ ၅။ Yan Can Cook
- ၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၄၁)
- ၁၃:၅၅ ၇။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဇမ္ဗူဒီပဗိမာန်တော်
- ၁၄:၁၀ ၈။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၄:၂၀ ၉။ သတိတစ်ချက်၊ တစ်သက်အမှား
- ၁၄:၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၄:၃၀ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၁၄:၄၀ ၁၂။ အတီးပြိုင်ပွဲ
- ၁၄:၅၅ ၁၃။ International News

**ညပိုင်း**

- ၃:၁၅ ၁။ Myanmar national League MNL Cup (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ကမ္ဘောဇအသင်းနှင့် ဧယျာရွှေမြေအသင်း)**
- ၅:၁၅ ၂။ တေးဂီတအစီအစဉ်
- ၅:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၆:၀၀ ၅။ ညနေခင်းသတင်း
- ၆:၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၇။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၈။ ယဉ်တစ်ကိုယ်မယ် ပွင့်နဒီမောင် (ဒါရိုက်တာ-မင်းဇေယျာလင်း)
- ၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၁၃)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ တို့လက်တွေတွဲထား Mဆိုင်း (တေးရေး-စိုးသီဟ၊ ရောင်စဉ်လှိုင်း)
- ၁၄။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅၈)
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၉)
- ၁၆။ ဂီတတံခါးလေးဖွင့်ပါဦး

11-9 (08-09).pmd 2 9/11/2010, 2:03 AM

# နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

## တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၀

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ရက် မွန်းလွဲပိုင်းက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်အမှာစကား ပြောကြားသည်။

### ကြည့်ရှုအားပေး

အခမ်းအနားတွင် တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စိုက်ပျိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းကျင်းပသော စပါးသီးနှံတွင် ကျရောက်တတ်သည့် ဖြုတ်ညိုပိုး (Brown Plant Hopper) ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ခန်းမ၌ စက်တင်ဘာ ၁ ရက် နံနက် ၉နာရီက ကျင်းပရာ အဆိုပါ ဆွေးနွေးပွဲသို့ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာဌာနမှ ပညာရှင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာန(ရုံးချုပ်)မှ ပညာရှင်များ၊ ဆန်စပါးအထူးပြု ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနမှ ပညာရှင်များ တက်ရောက်ကြသည်။

### စာတမ်းဖတ်ကြား

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး **(အပေါ်ယာပုံ)** သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံ ဦးအေးထွန်းနှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အတွင်းရေးမှူး ဦးရဲမင်းအောင်တို့က မြန်မာနိုင်ငံ၏ ဘက်စုံ သီးနှံကာကွယ်ရေးစနစ် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် မြန်မာနိုင်ငံ၏ လက်ရှိ စပါးဖြုတ်ညိုပိုးကျရောက်မှု အခြေအနေ





များကို ဆွေးနွေးကာ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ စာတမ်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေး ဌာနမှ စာတမ်းများကို ဖတ်ကြားသည်။

### သရုပ်ပြဆွေးနွေး

ဆွေးနွေးပွဲ တက်ရောက်သူများနှင့် စာတမ်းဖတ်ကြားသူ ပညာရှင်များသည် စက်တင်ဘာ ၂ ရက်က မှော်ဘီမြို့ မြန်မာ့ ဆန်စပါး သုတေသနဌာနသို့ လက်တွေ့ ကွင်းဆင်း၍ သရုပ်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အထက(၃) ပန်းဘဲတန်း

## ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

အထက(၃)ပန်းဘဲတန်း၏ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများတွေ့ဆုံပွဲကို စက်တင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှ ညနေ၅နာရီအထိ Central Hotel ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမဟောင်းများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းလိုပါက ကိုထွန်းအောင် ဖုန်း-၀၉-၅၀-၃၁၉၈၇၊ ကိုမောင်မောင် ဖုန်း-၀၁-၂၄၁၇၂၁၊ ကိုအောင်ချိုဝင်း ဖုန်း-၀၉-၅၁-၀၂၉၉၈၊ ကိုအောင်သူ ဖုန်း-၀၉-၈၆-၁၅၃၅၁၊ ကိုမျိုးမြင့် ဖုန်း-၀၉-၉၉-၇၃၃၉၂၊ ကိုမြင့်ဝင်း ဖုန်း-၀၉-၈၀-၂၀၆၅၂၊ ကိုအေးကျော် ဖုန်း-၀၁-၃၈၁၉၄၄၊ ကိုစိုးတင့် ဖုန်း-၀၉-၅၀-၀၃၅၁၀၊ ကိုညီညီဦး ဖုန်း-၀၉-၅၀-၉၈၅၁၈နှင့် မအေးမိုတင် ဖုန်း-၀၁-၃၇၂၂၂၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကွမ်းလုံခရိုင်၌ စာအုပ်စာစောင် ပေးအပ်လှူဒါန်း



**ကွမ်းလုံ စက်တင်ဘာ ၁၀**

ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ဩဂုတ် ၁၄ရက် မွန်းလွဲ ၁နာရီက စာအုပ်စာစောင် ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ရှေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက စာအုပ် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက ပေးပို့လှူဒါန်းသော လယ်ယာစီးပွားဂျာနယ် စောင်ရေ ၅၀၀နှင့် မြန်မာတိုင်း(မ်) ဂျာနယ် စောင်ရေ ၁၀၀တို့ကို မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း ကွမ်းလုံခရိုင် မန်နေဂျာ ဦးကြာဝင်းက ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးသိန်းအောင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

### တက်ရောက်

စာအုပ်လှူဒါန်းပွဲသို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ခရိုင်မန်နေဂျာ ဦးမြင့်အောင်၊ မြန်မာ့ဝါနှင့်ချည်လုပ်ငန်းတာဝန်ခံ ဦးခင် မောင်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# အဆင့်မြင့်မြေတိုင်းသင်တန်း ဖွင့်မည်




**ရန်ကုန် စက်တင်ဘာ ၁၀**

CONCORDIA Int'l Co.,Ltd. က လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း (၁၁/၂၀၁၀)ကို စက်တင်ဘာ ၁၇ရက်မှ ၃၀ရက်အထိလည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်းသင်တန်းကို စက်တင်ဘာ ၁၇ရက်မှ ၂၁ရက် အထိလည်းကောင်း နေ့စဉ်နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ မန္တလေးမြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

### သင်ကြားပို့ချမည်

အဆိုပါသင်တန်းတွင် Total Station လက်တွေ့အသုံးချတိုင်းတာနည်း (Engineering Survey၊ Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့ တိုင်းတာခြင်း)၊ Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

### စုံစမ်းမေးမြန်းနိုင်

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် GPS လက်တွေ့အသုံးချနည်းသင်တန်း တို့ကို စက်တင်ဘာ ၁၀ရက်မှ စတင်၍ သင်တန်းသားများလက်ခံပြီး အခြေခံပညာ အထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မန္တလေး SY အဆောက်အအုံ လမ်း ၃၀၊ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၂၈၊ ၆၉၃၀၃နှင့် ၀၉-၅၀၆၇၁၇၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများရှိဆိုင်များတွင် အိုင်အိုဒင်းဆားများ ရောင်းချမှု ရှိ မရှိကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စန်းလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဒုတိယဦးစီးမှူး(ဈေး) ဦးစောထိုက်ဝင်းနှင့် ဈေးတာဝန်ခံများ ဩဂုတ် ၂၅ ရက်က စစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



# ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် အထက(၁)၊ အောင်မင်္ဂလာ အမက၊ ဝါတိုးအနောက် အမက၊ တပ်တွင်း အမက၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဒုတိယ ဦးစီးမှူး(သန့်) ဦးဆန်းလှိုင်ဦး ကြီးကြပ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

# သတိပေးနှိုးဆော်ချက်

*နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ် စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*နေပြည်တော်*
*ယာဉ်စည်းကမ်းထိန်းသိမ်းရေး*
*ကြီးကြပ်မှုကော်မတီ။*

အထက(၁)သာကေတ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို စက်တင်ဘာ ၅ရက်က မြဝတီဆောင် ခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မစုယဉ်သီအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းတင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)





၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(ပညာရေး)

# ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၀

**၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ရက် နံနက် ၈နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက် အမှာစကား ပြောကြားသည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေး လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေးနှင့် ကျွေးမွေးဧည့်ခံရေး ကော်မတီ၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပရေးနှင့် ပြခန်းခင်းကျင်းပြသရေး ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပြန်ကြားရေးကော်မတီနှင့် လုံခြုံရေးနှင့် ကျန်းမာရေး ကော်မတီတို့မှ ဥက္ကဋ္ဌများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

## မှာကြား

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး မှာကြားပြီး လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နမ့်ခမ်းမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

**ရန်ကုန် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဩဂုတ် ၂၉ရက် မွန်းလွဲ ၁နာရီက နမ့်ခမ်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) တွဲဖက်အတွင်းရေးမှူး(၁) ဦးရန်ပိုင်စိုးက ဥက္ကဋ္ဌ ဦးဉာဏ်မင်း (နမ့်ခမ်း)၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက် (ပညာရေး)၊ အတွင်းရေးမှူး ဦးအတွဒ်နှင့် အဖွဲ့ဝင်များအား မြို့နယ်ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်လွှာကို ပေးအပ်ပြီး မြို့နယ်ဂီတအစည်းအရုံး ဆိုင်းဘုတ်တင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်ဂျင်နီယာနှင့် ဒီဇိုင်းဘာသာရပ်များ ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

စင်ကာပူနိုင်ငံ BCA Academy ဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံ၌ အောက်တိုဘာ ၁၀ရက်တွင် အဆိုပါကျောင်းမှ တိုက်ရိုက်လာရောက်စစ်ဆေးမည်ဖြစ်ရာ ထိုဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံမှ အခြေခံပညာအထက်တန်း သို့မဟုတ် GCE 'O' Level အောင်မြင်ထားသူတိုင်း ဝင်ရောက်ဖြေဆိုနိုင်ပြီး Construction Engineering, Mechanical Engineering (Green Building Technology), Strategic Facilities Management, Electrical Engineering & Clean Energy, Building Information Engineering နှင့် Design ဘာသာရပ်ခြောက်မျိုးအနက်မှ မိမိနှစ်သက်ရာကို ရွေးချယ် တက်ရောက်နိုင်ကြောင်း သိရသည်။ ဒီဇိုင်းဘာသာရပ်ကို ရွေးချယ်ထားသူများသည် ဝင်ခွင့်စာမေးပွဲတွင် English နှင့် ပုံဆွဲဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပြီး ကျန်ဘာသာရပ် ငါးခုထဲမှ ရွေးချယ်ထားသူများမှာ ဝင်ခွင့်စာမေးပွဲတွင် အင်္ဂလိပ်စာနှင့် သင်္ချာတို့ကို ဖြေဆိုရမည်ဖြစ်ကြောင်းသိရသည်။ စာမေးပွဲဖြေဆိုချိန်မှာ တစ်ဘာသာကို တစ်နာရီခွဲ ကြာမြင့်မည်ဖြစ်ပြီး အင်္ဂလိပ်စကားပြောစစ်ဆေးမှုလည်း ပါဝင်မည်ဖြစ်သည်။

အောက်တိုဘာ ၁၀ရက်တွင် ကျင်းပမည့် BCA စာမေးပွဲကို အလွယ်တကူ ဖြေဆိုနိုင်ရန်အတွက် Future Way မှ သင်တန်းဖွင့်လှစ်ကာ ကျွမ်းကျင်ဆရာ ဆရာမများက မေးခွန်းဟောင်းများဖြင့် အထူးကြပ်မတ် သင်ကြားပေးမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများသည် BCA Academy တွင် သုံးနှစ်စာပညာသင်စရိတ်၏ ၆၀ရာခိုင်နှုန်းကို စကောလားရှစ် ရရှိနိုင်သည့် အခွင့်အလမ်းရှိသည်။

အသေးစိတ်သိရှိလိုပါက စက်တင်ဘာ ၁၈ရက် (စနေနေ့)တွင် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ Future Way ၌ ထပ်မံကျင်းပမည့် Info-Talk သို့ တက်ရောက်ရန်ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း၊ Info-Talk ပြုလုပ်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာလည်း ဩဂုတ် ၂၇ရက်တွင် စစ်ဆေးပေးခဲ့သော BCA ဝင်ခွင့်စာမေးပွဲ အတွက် မှတ်ပုံတင် ကြေးသွင်းရာတွင် နောက်ကျခဲ့သဖြင့် ဝင်ခွင့်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုခွင့် မရရှိခဲ့သော ကျောင်းသားများ၊ သတ်မှတ်လူဦးရေကျော်လွန်သွားသဖြင့် Info-Talk သို့ မတက်ရောက်ရသော ကျောင်းသား ကျောင်းသူများ၊ မိဘများအတွက် ထပ်မံပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ Future Way Education & Services အမှတ် ၉ အခန်း (၆-အေ) ယောမင်းကြီး လမ်းသွယ် သမ္မတကွန်ဒို ဖုန်း-၂၅၄၁၈၅နှင့် ၂၄၁၀၉၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေး ဘားအံမြို့၌ ဆွေးနွေးပွဲကျင်းပ

**ဘားအံ စက်တင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်း မြင့်မားရေးဆွေးနွေးပွဲနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၈ရက် နံနက် ၉နာရီက ကျင်းပသည်။

## ဆွေးနွေး

ယင်းအခမ်းအနားသို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချိုဦးက အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မိခင်ကလေး) ဒေါက်တာ ဒေါ်သိင်္ဂီမြင့်က လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးနောင်က ကျွမ်းကျင်သူနှင့် မွေးဖွားနှုန်း မြှင့်တင်ခြင်းကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

## တက်ရောက်

ယင်းဖွင့်ပွဲအခမ်းအနားကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ကျန်းမာရေး ဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



**နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဩဂုတ်၂၅ရက်က တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုးတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

**စက်တင်ဘာ ၈ရက်က မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း မြို့နယ်အသင်းခွဲ ခရမ်းမြို့နယ် ရုံးခန်းသစ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရနှင့် ခရမ်းမြို့နယ် ဆန်စပါးလုပ်ငန်းအသင်းခွဲ ဥက္ကဋ္ဌ ဦးနိုင်လင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)



# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန အာစရိယပူဇော်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်) က ကြီးမှူးဖွင့်လှစ်သော Postgraduate Diploma in English Course No.12 (Advanced Level -1) Weekends Section သင်တန်းသား သင်တန်းသူများ၏ အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၂နာရီခွဲက အဆိုပါ တက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်း၊ အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ မောင်မောင်ဦးနှင့် ဆရာ ဆရာမများ၊ အာစရိယပူဇော်ပွဲ ကျင်းပရေး ကော်မတီဝင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အာစရိယပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ခံပါမောက္ခချုပ်နှင့် အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး)တို့က ဩဝါဒစကားနှင့် ဆုပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki NOGAWA အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Yasuaki NOGAWA အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**